# သျှိုး

ရင်ထဲဝင်ဖတ်ကြည့်



GRAPHIC DESIGN
THEIN SHWE KYI

## အခန်း (၁)

မြင့်မားသော ခြံဝင်းကြီးတစ်ခုထဲရှိ ခန့်ညားသော သုံးထပ်တိုက်ကြီးသည် ဖြူဖွေးဖွေး

လရောင်၏ အလင်းအောက်တွင် စည်းစိမ်အပြည့်ဖြင့် ငြိမ်သက်တိတ်ဆိတ်၍ နေသည်။

ခြံဝင်းကြီးရှေ့ အုတ်တံတိုင်းတွင်

**“ဦးနိုင်စစ်သည်”**

**F.R.C.S (Edin)**

**နှလုံးခွဲစိတ်ပါရဂူ**

ဟူသော ကျွန်းသားဆိုင်းဘုတ်တစ်ခုချိတ်ဆွဲထားသည်။အိမ်ကြီးသည် ညအမှောင်ထဲတွင် ငြိမ်သက်တိတ်ဆိတ်နေပေမယ့် အိပ်ခန်းပြတင်းများသည် မီးရောင်လဲ့လဲ့ လင်းနေကြသည်။

“ဒေါက် ဒေါက် ဒေါက်”

တစ်နေကုန်ပင်ပန်း၍ ကျောဆန့်ပြီး အနားယူနေသော တစ်သက်ပန်၏ နားစည်ထဲသို့တံခါး

ခေါက်သံ တဒေါက်ဒေါက် တိုးဝင်လာသည်။

ဦးနိုင် ဘာများခိုင်းမလို့လဲဟူသော အတွေးဖြင့် ခုတင်ထက်မှကပျာကယာဆင်းလိုက်ပြီး အခန်းတံခါးထဖွင့်လိုက်သည်။

"ဩော် ပန်က ဦးနိုင် ထင်လို့၊ ဘာများခိုင်းစရာရှိလို့လဲမာန်"

အမေးနှင့်အတူ မာန့်ကိုယ်မှ အယ်လ်ကိုဟောအနံ့က တစ်သက်ပန် နှာခေါင်းထဲ တိုးဝင်လာ သည်။

"ငါ ကော်ဖီသောက်ချင်လို့"

"ဩော် ဒါဆို ပန် သွားဖျော်ပေးမယ်လေ"

ရင်ဘတ်အထိဟိုက်ဆင်းကာ ပျော့အိကျဆင်းနေသော ညဝတ်ဂါဝန်လေးနှင့် အရှိုက်အဖို ပြေပြစ်တင့်တယ်နေသော တစ်သက်ပန်၏ အလှသည် ညမီးရောင်အောက်မှာ စွဲမက်စရာကောင်း လွန်းနေသည်။

ထိုအလှကို နိုင်ဗိမာန် သတိထားမိနေတာ ကြာပါပြီ။ သို့သော် မာမီရှိစဉ်တုန်းကတည်းက မွေးစားခဲ့သည့် မာမီ့မွေးစားသမီးဖြစ်နေသည်က တစ်ကြောင်း ကိုယ့်အိမ်ရိပ်ကို ခိုလှုံနေရသည့်မိန်း ကလေးဖြစ်နေသည်ကတစ်ဖုံမို့ စိတ်ထဲ ရှိသည့်အတိုင်း ဇာတ်လမ်းစဖို့ ဂုဏ်ရည်မတူ အဆင့် အတန်းမတူသည့်အတွက် မျိုသိပ်နေခဲ့ရခြင်းဖြစ်သည်။

နိုင်ဗိမာန်၏ စံထားရလောက်သည့် ဇနီးသည် ထူးချွန်ထက်မြက်ကာ ပညာတတ်အထက် တန်းလွှာမျိုးရိုးအသိုင်းအဝိုင်းထဲက ဖြစ်ရမည်။

ထိုသို့သော အရည်အချင်းမျိုးတွေနှင့် အထက်တန်းကျကျလုပနေသော မိန်းကလေးမျိုးမှ သာ နိုင်ဗိမာန်နှင့်ဂုဏ်ရည်တူ အဆင့်အတန်းတူတော့အမှာပေါ့။

တစ်သက်ပန်တွင် နိုင်ဗိမာန် စံထားရလောက်သည့် အရည်အချင်းတွေ တစ်ခုမှမရှိ၊ ပန်းပွင့် လေးလို နုနုဖတ်ဖတ် လှတာလေးတစ်ခုပဲ ရင်ခုန်စရာကောင်းတာပါ။

"မာန် ကော်ဖီသွားဖျော်မလို့ ရှေ့က ဖယ်ပေးလေ"

တစ်သက်ပန်၏ အသံကြောင့် သတိလက်လွတ် ငေးမောနေသော

ကိုယ်ကို တစ်ဖက်သို့ ကပ် ပေးလိုက်သည်။

တစ်သက်ပန် ကိုယ့်ရှေ့မှထွက်သွားသည့်တိုင် သနပ်ခါးရနံ့သင်းသင်းက နှာသီးဖျားဝကို ဝေ့ခနဲ ဖြတ်တိုက်သွားသေးသည်။

မီးဖိုခန်းဘက်ဝင်သွားသော တစ်သက်ပန်၏ နောက်ကျောကိုငေးမောကြည့်ရင်း နိုင်ဗိမာန် ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်လာသည်။ညွတ်နူးတိမ်းမောခြင်းတွေကို စိတ်ထွက်ပေါက် တစ်ခုအ ဖြစ် ပွင့်လင်းစွာခွင့်ပေးလိုက်ဖို့ မသိစိတ်တစ်ခုက တွန်းအားပေး နေ သည်။

ဒီမိန်းကလေးကို စိတ်ရှိတိုင်း အသုံးချလိုက်၍ ဘာများ အထွေအထူး ပြဿနာတက်လာစ ရာအကြောင်းရှိမှာမို့လဲ။

“အဟက်”

အကြံအစည်တွေ ပြောင်မြောက်လွန်း၍ နှုတ်မှပင် ရယ်သံထွက်ပေါ်လာသည်။တဒိန်းဒိန်း ဆောင့်ခုန်နေသော ရင်အစုံကတော့ ခုချိန်ထိရမ္မက်တွေ ထန်နေဆဲပါ။

ထို့နောက် ဒယ်ဒီ့စာကြည့်ခန်းဘက်ဆီသို့ လျှောက်လာကာ ဒယ်ဒီ့ မကြာခဏ သောက် လေ့ရှိသော အိပ်ဆေးပုလင်းထဲမှ အိပ်ဆေးတစ်လုံးကို ထုတ်လိုက်သည်။

မလုံ့မလဲစိတ်တွေဖြင့် စာကြည့်ခန်းမထဲမှ ပြန်ထွက်လာသော နိုင်ဗိမာန် ရမ္မက်ဇောချွေး တို့ပင် စို့စပြုနေသည်။ ကိုယ့်စိတ်အတွေးအကြံအစည်တွေသည် လူသားဆန်၏ မဆန်၏ ဆိုတာ နိုင်ဗိမာန် မတွေးချင်ပါ။

ခုချိန်မှာ ကိုယ့်ရင်ထဲမှာ မုန်တိုင်းတစ်ခုလို ထန်နေသည့် ရမ္မက်တွေ ငြိမ်းစေဖို့ စိတ်ကို ထွက်ပေါက်တစ်ခုပေးလိုက်တော့မည်။

“ဘာလိုလို့လဲ မာန်၊ ပေါင်မုန့်မီးကင်ပေးရဦးမလား။”

မရောင်မလည်နှင့် အနားလာရပ်သော နိုင်ဗိမာန်ကို ကော်ဖီခွက်ထဲ ရေနွေးလောင်းထည့် နေရင်းမှ လှည့်ကြည့်ပြီး အလိုက်တသိမေးရှာပါသည်။

"ဘာမှမလိုဘူး၊ငါ ကော်ဖီသောက်ချင်စိတ်မရှိတော့ဘူး"

"ဟော့တော် ဒီမှာ ဖျော်နေပြီး၊ စိတ်ကလည်း အပြောင်းအလဲမြန်လိုက်တာ၊အဟင်း ပန်က မာန့်အကြိုက် ခါးခါးလေး ဖျော်ပေးထားတာ"

ပြောပြောဆိုဆိုဖြင့် ဓာတ်ဘူးကို စင်ပေါ်လှမ်းတင်လိုက်သည်။ ထိုအခြေအနေကို အခွင့် ကောင်းယူပြီး လက်ထဲမှ ဆုပ်ကိုင်လာသောအိပ်ဆေးပြားကို အငွေ့တထောင်းထောင်း ထနေသော ကော်ဖီခွက်ထဲလှမ်းထည့်လိုက်သည်။တစ်သက်ပန်ကတော့ လုံးဝ မရိပ်မိ။

ကော်ဖီခွန်းယူကာ ကော်ဖီကို အသေအချာ မွှေနေသည်။

"နင်ပဲ သောက်လိုက်တော့နော်"

"အင်းပေ့ါ မာန်မှ အသောက်ချင်တော့တာ၊ ပန်ပဲ သောက်ရတော့မှာပေ့ါ၊ ဒီညတော့ အိပ် လို့ရပ့ါမလားတောင် မသိပါဘူး"

"အိပ်လို့မရလည်း မအိပ်နဲ့ပေ့ါဟာ၊ မနက်စာထမင်းဟင်းတွေတစ်ခါထဲပဲ ချက်လိုက်ပေ့ါ"

"လူကို စက်ရုပ်များမှတ်နေလား မာန်ရယ်၊ ဒီနေ့ ဦးနိုင်ဧည့်သည်တွေလာလို့ ပန် အရမ်းပင်ပန်းနေပြီ"

"ကဲပါ ကော်ဖီဆိုတာ ပူတုန်းသောက်ရတယ်၊ သောက်မြန်မြန်"

"အင်းပါ သောက်မှာပါ"

"ခုသောက် ငါ ထွက်သွားတာနဲ့ နင် ငါ့မမြင်အောင် သွန်ပစ်မှာမဟုတ်လား။ဒီကော်ဖီမှုန့် က အကောင်းစား ကော်ဖီမှုန့်နော်၊ ဘရာဇီးက

ထိပ်တန်းကော်ဖီမှုန့်ပဲ ခုသောက်”

အကယ်၍ ဒီကော်ဖီသာ တစ်သက်ပန် မသောက်ဖြစ်ခဲ့လျှင် နိုင်ဗိမာန်ရင်ခုန်သံတွေ သည် အဓိပ္ပာယ်မဲ့နေပေတော့မည်။

အကယ်၍ သောက်ခဲ့မည်ဆိုလျှင်တော့......။

*

အခန်း(၂)

နာရီလက်တံ ရွေ့လျားသံတချောက်ချောက်က ဦးနိုင်စစ်သည်၏ အိပ်၍ ပျော်သောညတွေ ကို အဖော်လုပ်နေသည်နှယ်။အိပ်ချင်စိတ်မရှိသော မျက်လုံးတွေကို အပြစ်ပေးဖို့ပင်ကောင်းသေး တော့၏ ။

အသက်ကလေးရလာသည်နှင့်အမျှ အအိပ်အနေ နည်းလာသည့် ပြဿနာ လူတိုင်းကြုံ တွေ့ကြရပေမယ့် ဦးနိုင်စစ်သည်ကတော့အိပ်မပျော်သော ညတွေကို မုန်းသည်။

မြသီတာ ဆုံးပြီးကတည်းက အထီးကျန်ညတွေကို ကျော်ဖြတ်ခဲ့ရတာ ဟာ ဒီညနှင့်ပါဆို လျှင် သုံးနှစ်နှင့်ရှစ်လတင်းတင်း ပြည့်သောည။

ညစဉ်ညတိုင်း တစ်ကိုတည်း အထီးကျန်ခဲ့ရသော အချိန်ကာလတွေသည် နည်းမှမနည်း တော့ပဲ။

နာရီကို မော့ကြည့်လိုက်တော့ ညတစ်နာရီပင်ထိုးလုနေပြီ။ ကျန်းမာရေးအရ အိပ်သင့်နေ ပြီမို့ ဒရင်းဘက်(ခ်)ပေါ်မှ ထကာ လက်ထဲမှဆေးကျမ်းစာအုပ်ကို စားပွဲပေါ်တင်ပြီး မျက်မှန်ကို ဆွဲချွတ်လိုက်သည်။ ဖိုက်ဘာဘူးအရှည်ထဲ ပြန်ထည့်လိုက်သည်။မနက်ဖြန် လူနာငါးယောက်ကို အော်ပရေးရှင်းလုပ်ရမည်မို့ ကိုယ်တိုင်က အင်အားပြည့်နေဖို့ လိုအပ်သည်။

အိပ်ချင်ချင်မအိပ်ချင်ချင် အိပ်ရမည်မို့ ခုတင်ထက်ဆီသို့ လျှောက်ကာ လှဲအိပ်တော့မည်အပြု ရေသောက်ချင်စိတ်က ဖြစ်လာပြန်သည်။ အာခေါင်တို့ခြောက်ကပ်စပြုကာ ရေဓာတ်လိုနေပြီမို့ ရေသောက်ရန် ခုတင်ပေါ်မှ တဖန်ပြန်ဆင်းရပြန်သည်။ ပြီးလျှင် ဆီးသွားသည့်အလုပ်ကို တစ်ဆက် တည်း

လုပ်ရပေဦးမည်။

ဦးနိုင်စစ်သည် ပြုံးလိုက်သည်။ အသက်ကလေးရလာသည့် အချိန်မို့ အိပ်ခါနီး လျှင် ယခင် လူငယ်ဘဝတွေတုန်းကလို ခုတင်ပေါ်ထိုးအိပ်လိုက်ရုံနှင့်မပြီး။ ဆေးသောက်ဖို့ ဆေးလိမ်းဖို့ ဆီးသွားဖို့ ရေသောက်ဖို့ ဂိစိကိစ္စကတော်တော်လေးကို များသည်။

အသက်လေးဆယ့်ရှစ်နှစ်ဆိုတဲ့အရွယ်ဟာ
သက်ကြီးပိုင်းထဲရောက်လာပြီမို့ ကိုယ့်ကိုကိုယ်
ဇီဇာကြောင်သောအဘိုးကြီးတစ်ယောက်လိုအပြစ်မြင်ကာ အိပ်ခန်းထဲမှ
ထွက်ရပြန်သည်။

ထမင်းစားခန်းဘက်သို့ လျှောက်လာရပြန်သည်။ ထမင်းစားခန်းသည် တစ်သက်ပန်အိပ် ခန်းနှင့် ကပ်လျက်အခန်းမို့ တစ်သက်ပန်အခန်းရှေ့မှအဖြတ် ထူးထူးခြားခြား အသံတစ်သံကြားရ သည်။ ရတ်တရက်တော့ ကျော့ချမ်းသွား၏ ။ အသံမှာ လှိုက်မောတုန်ယင်နေသော်လည်း မိန်းက လေးသံမဟုတ်ဘဲ ယောကျ်ားလေးသံဖြစ်နေ၍ ဦးနိုင်စစ်သည် တစ်ကိုယ်လုံး ကြက်သီးတွေဖြန်းခ နဲ့ထကာ ရင်တွေပါ တဖျပ်ဖျပ်ခုန်လာသည်။

အသက်ကို ခပ်မျှဉ်းမျှဉ်းရှုရင်း တံခါးလက်ကို ဘုလုံးကို အသံမမြည်အောင် အသာအယာ လှည့်ကြည့်သည်။ တံခါးကဖွင့်မရ၊ အတွင်းထဲမှ လော့ချထား၏ ။

ချက်ချင်းဆိုသလို အပေါ်ထပ်ရှိ သားဖြစ်သူ နိုင်ဗိမာန် အခန်းသို့ အလောတကြီး တက်၍ တံခါးဖွင့်ကြည့်သည်။ နိုင်ဗိမာန်သည် အခန်းတွင်မရှိ၊ သူ့ရင်ထဲ လှပ်ခနဲဖြစ်ကာ တစ်သက်ပန် အခန်းဆီပြန်ဆင်းပြီး တံခါးနားကပ်၍ နားစွင့်ကြည့်သည်။

မရှိသေ့စကား အသွေးအသားချင်းထိခတ်သံနှင့်အတူ လှိုက်မောမှုနှင့်

တစ်ကမ္ဘာရောက်နေ သော နိုင်ဗိမာန်၏ အသိတရားမဲ့ ပန်းခြွေသံကိုကြားရသည်။

ဦးနိုင်စစ်သည် တစ်ကိုယ်လုံး တုန်တက်သွား၏ ။ ဘာဖြစ်လို့ တစ်သက်ပန်ရဲ့အသံကိုကော မကြားရသလဲဟု တွေးရင်း ချွေးစေးတွေပျံလာသည်။

ရတ်တရက် သားကို တံခါးခေါက် အသိပေးဖို့လည်း ထိုမျှလောက်ထိ မျက်နှာပြောင်တိုက် ပြောဖို့ သတ္တိမရှိ၊ တစ်ဖက်က သား၏ ပညာ၊ သား၏ ဂုဏ်သိက္ခာတွေ တွေးရင်း ထိုအသံတွေ မကြားရဲတော့သလို တံခါးမှ တဖြည်းဖြည်းချင်း ခြေလှမ်းတို့ ဆုပ်ခွာလာသည်။

ကိုယ့်ဘာကိုယ်လည်း မူးမိုက်လဲကျမသွားအောင် ခြေထောက်တွေကို အနိုင်နိုင်ထိန်းထား ရ၏ ။ သို့သော် အိပ်ခန်းထဲသို့ အပြန်ဖြစ်သေး။ မပြင်ချင်သော်လည်း သိချင်စိတ်ကြောင့် ထမင်းစား ခန်းနံရံအကွယ်မှ ကိုယ်ရင်ဘတ်ကိုယ်ဖိကာ အသံကိုနားစွင့်ကြည့်သည်။

ခဏကြာတော့မှ အသာအယာလပ်သော အခန်းတံခါးကြားမှ မီးရောင်လျှံထွက်လာ၏ ။မလုံ့ သလို မျက်ဝန်းမျိုးဖြင့် ဟိုကြည့်သည်ကြည့်လုပ်ရင်း နိုင်ဗိမာန် ထွက်လာသည်။ ထောင်ထားသော တံမြက်စည်းကို ခြေဖျားဖြင့်ထိမိ၍ ဒိုင်းခနဲလဲတော့ ထခုန်မိမတတ် နိုင်ဗိမာန် လန့်ဖျပ်ကာ အပေါ် ထပ်ဆီသို့ ခြေဖွနင်းပြီး မပြေးရုံတမယ် သွက်သွက်ကလေးတက်၏ ။

တက်သွားသော နိုင်ဗိမာန်၏ ကျောပြင်ကိုကြည့်ရင်း ဦးနိုင်စစ်သည် ခေါင်းနပန်းကြီးသွား သည်။ သို့သော် ချက်ချင်းဆိုသလို တစ်သက်ပန်အခန်းထဲသို့ တံခါးလက်ကိုင်ဘုလုံးကို အသာ အယာလှည့်ကာ ဝင်လိုက်၏ ။

ကောင်မလေးကတော့ ဘာမှသိရှာပုံမပေါ်။ ခုတင်ထက်တွင်နှစ်ခြိုက်စွာ အိပ်မောကျနေဆဲ ဖြစ်သည်။ ဒူးအထက်ရှစ်လက်မနီးပါးလောက် လှန်တက်နေသော ဂါဝန်အောက်မှ ဝင်းဝါစိုပြေလွန်း သောအသားစိုင်တို့ကို ဦးနိုင်စစ်သည် တမေ့တမောကြီး တွေ့လိုက်ရ၍ တစ်ကိုယ်လုံး ဖိန်းရှိန်းတက် သွားသည်။

မွေးစားသမီးဆိုသည့်စိတ်နှင့်သာ ကာကွယ်ထိန်းသိမ်းလိုက်ရသည်။ လူကတော့ရုတ်တရက် အအေးမိသွားသလို မင်သက်သွားမိ၏ ။ ဖြူနုဝင်းအိသော ပေါင်တံမှတစ်ဆင့် ပေါင်ရင်းအထိ ထင် ရှားစွာ လှမ်းမြင်နေရသည်။

တော်သေး၏ ။ ဘာမူမှမပျက်အောင် သားဖြစ်သူက ခြေရာလက်ရာမပျက်ထားရှိခဲ့သည့်အတွက် အထိတ်တလန့်ကြားမှ သက်မချမိသည်။ ကောင်မလေးပင် ရိပ်မိပုံမပေါ်။ ပွဲတော်တည်ခွင့်ရ သွားသော သားဖြစ်သူကတော့ ခုချိန်တွင် တမြို့မြို့တွေးရင်း လျှာသပ်နေလိမ့်မည်ထင်သည်။

သူ့မှာသာ ရင်တွေလည်းတုန်၊ ပန်းတွေလည်းတုန်၊ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မကြုံဘူးသော ခံစားမှုနှင့် လူက ဒုန်းစိုင်းနေချင်သည်။ သို့သော် တထောင်းထောင်းထနေသော မိမိ ၏ ကိုယ်ကျင့်တရားအတွက် ယစ်မူးရီဝေမှုများအား ခဝါချပြီး အခန်းတွင်းမှ အသာအယာလှည့် ထွက်ခဲ့သည်။ ည၏ ကောင်းကင်တွင် တစ်လုံးတည်းရှိသော လသည်ရှုပ်ထွေးနေဆဲ။

*

# အခန်း(၃)

နေခြည်ရင့်ရင့်၏ နွေးထွေးသော အထိအတွေ့ကြောင့် တစ်သက်ပန်၏ မျက်ဝန်းတို့ ဖျက်ခနဲ ပွင့်လာသည်။

“ ဟင် ”

အခန်းထဲသို့ ထိုးဆင်းဖြာကျနေသော အလင်းကြောင့် နေအတော်မြင့်နေပြီပဲဟူသည့် အတွေးဝင်လာပြီး ခုတင်ထက်မှ ကပျာကယာဆင်းလိုက်သည်။ တစ်ဆက်တည်းဆိုသလို သိမ်မွေ့နူးညံ့မှုများနှင့်ညက အိပ်မက်တစ်ခုလို့ ရွှေ့လျားခဲ့သည်ကို ကိုယ့်ရင်အစုံကိုယ်ဖိရင်းရင်လှိုက်ဖိုမိ ၏ ။

“ ဘုရား ဘုရား ငါ ဘယ်လိုဖြစ်ပြီး ဒီအချိန်အထိ အိပ်ပျော်နေရတာပါလိမ့် ”

အမြဲတမ်း စောစီးစွာ နိုးတတ်ပြီး ဦးနိုင်နှင့် မာန်အတွက် မနက်စာကို ဖွယ်ဖွယ်ရာရာ စီမံပေး နေကျ၊ ခုတော့ မနက်ကိုးနာရီပင် ကျော်လုလု။

မှန်တင်ခုံရှေ့ထိုင်ကာ ဖရိုဖရဲဖြစ်နေသော ဆံပင်ကို ဘီးဖြင့်ကပျာကယာဖြီးလိုက်သည်။ အကျ အပေါ်ကြယ်သီးနှစ်လုံးပြုတ်အောင်သူ တစ်ညလုံး ဘာတွေနဲ့ယစ်မူးပြီး ဖြောင်းဆန်အောင် အိပ်မိသလဲဟု တွေးမိပြန်သည်။

ကြယ်သီးတွေကို ပြန်တပ်ပြီး မျက်နှာသစ်ဖို့ ရေချိုးခန်းသို့ ကမန်းကတန်းဝင်သည်။

ဒီနေ့တော့ ဦးနိုင်ကို ဘယ်လိုမျက်နှာနှင့် ရင်ဆိုင်ရပ့ါမလဲ။ ဒီနေ့

ခွဲခန်းဝင်ရမှာမို့ ဆေးရုံစော စောသွားရမည်ဟုပြောသော ဦးနိုင်၏ အသံက နားထဲပြန်တိုးဝင်လာသည်။

“ ဘုရား ဘုရား ငါ့နှယ် သေသာသေလိုက်ချင်တော့တယ်”

မျက်နှာကို သနပ်ခါးရေကြဲပွက်ကာ ဘလောက်(စ်) အကျႌ ခပ်ပွပွတစ်ထည်နှင့် ချည်ထဘီ ကိုကပျာကယာ လဲဝတ်ပြီး အခန်းအပြင်သို့ ကတုတ်အရိုက် ထွက်လာလိုက်သည်။

“ နိုးပြီလား တစ်သက်ပန် ”

အတာချိကေ့စ်ကိုင်ကာ အခန်းထဲမှ ထွက်လာသော ဦးနိုင်စစ်သည်နှင့်တန်းတိုးသဖြင့် တစ်သက်ပန် မလုံမလဲ မျက်နှာဖြင့် မပံ့မရဲ ကြည့်ပြီး

“ ဟုတ် ဟုတ်ကဲ့ ဦးနိုင်၊ ပန်လေ ဒီနေ့မှ ဘယ်လိုဖြစ်တယ်မသိဘူး။ စောစောကမှ အိပ်ရာ ကနိုးလာတယ်။ ဦးနိုင်တို့ကို မနက်ခင်းစာ မစီစဉ်ပေးလိုက်နိုင်ဘူး။

အားတုံ့အားနာနှင့် ကိုယ့်အမှားကို ဝန်ခံနေသော တစ်သက်ပန်ကို ဦးနိုျျျျင်စစ်သည် ကြည် လင်သောအပြုံးဖြင့် ပြန်ကြည့်ရင်း

“ ဦးနိုင်က တစ်သက်ပန် နေမကောင်းဖြစ်နေလို့ အိပ်ရာကမနိုးသေးတာလို့ပဲ ထင်ထားတာ၊ ဒါကြောင့် ဒေါ်ဖြိုးကိုတောင် သွားမနှိုးခိုင်းတာလေ၊ ကဲ ကဲ ဦးနိုင် ဆေးရုံကို သွားတော့မယ် ”

“ ဟုတ်ကဲ့ပါ ဦးနိုင် ”

ကားဆီသို့ ခပ်သွက်သွက်ခြေလှမ်းတို့ဖြင့် ထွက်သွားသော ဦးနိုင်စစ်သည်၏ နောက်ကျော ပြင်ကို ေငးကြည့်ရင်း သက်ပြင်းခပ်ပျော့ပျော့ ချလိုက်သည်။

အန်တီမေ ဆုံးပြီးကတည်းက ကူကယ်ရာမဲ့ခဲ့ရသော တစ်သက်ပန်ကို သမီးအရင်းလိုဆက် လက်စောင့်ရှောက်ခဲ့သည့် ဦးနိုင်သည် တစ်သက်ပန် အတွက်တော့ ထာဝရကျေးဇူးရှင်ပါ။

အန်တီမေ၏ မွေးစားသမီးဖြစ်ခဲ့ရပေမယ့် တစ်သက်ပန်စိတ်ထဲမှာ အန်တီမေ့ကိုရော ဦးနိုင် ကိုပါ မိဘလိုသဘောထားခဲ့သည်။ ဒါ့အပြင် မာန်ကိုလည်း မောင်နှမလို သဘောထားကာ ညီမတစ် ယောက်က အစ်ကိုတစ်ယောက်ကို ဂရုစိုက်သလို ဂရုစိုက်မှုတွေ ပေးခဲ့သည်။

ဒါဟာ တစ်သက်ပန်၏ ကျေးဇူးတရားသိတတ်သော ပေးဆပ်မှု သက်သက်ပါ။

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် သိတတ်နားလည်မှုတွေနှင့် မိသားစုတွေလို တစ်သားထဲဖြစ်အောင် နေနိုင်သည့် သံယောဇဉ်ထုထည်သည် တော်ရုံကြီးမားသည်တော့ မဟုတ်။

ပတ်ဝန်းကျင် အသိုင်းအဝိုင်းအားလုံးအမြင်မှာ ပန်ဟာ ဦးနိုင်စစ်သည်၏ မွေးစားသမီးဟု ပြော၍ ရပေမယ့် သံသယအကြည့်တွေနှင့်တော့ တစ်ကြိမ်တစ်ခါမှ အကြည့်မခံခဲ့ရဘူးပါ။

အတွေးနှင့်အတူ ထမင်းစားခန်းဘက်သို့ လျှောက်အလာမှာ မာန်နှင့်ဝင်တိုက်မိ၏ ။

“ အင့် ”

“ ဟာ ”

“ မာန် ဆောရီးနော်၊ ပန် ရှေ့ကိုမကြည့်ဘဲ လျှောက်လာမိလို့ ”

ပျာပျာသလဲ တောင်းပန်ပြီး ဗိမာန်ကို မော့ကြည့်လိုက်သည်။

“ ခုမှ အိပ်ရာက နိုးတာလား”

“ဟုတ်တယ် မာန်၊ ပန် ဘယ်လိုဖြစ်ပြီး ဒီလောက်
အိပ်ပျော်သွားမှန်းမသိဘူး”

ညက အဖြစ်အပျက်ကို တစိုးတစိမှ ရိပ်မိပုံမပေါ်သော
တစ်သက်ပန်ကိုကြည့်ပြီး မလုံမလဲ ဖြစ်မိသည်က နိုင်ဗိမာန်ပဲ ဖြစ်သည်။

ညက ခံစားမှုအထိအတွေ့တွေကို ပြန်မြင်ယောင်လာကာ ရင်ထဲမှာ
ရှိန်းတိမ်းဖိန်းတိမ်း ပြန် ဖြစ်လာပြန်သည်။

ထို့ကြောင့် ပန့်ကို ဘာမှမပြောနေတော့ဘဲ မလုံမလဲခြေလှမ်းတွေဖြင့်
ပန့်အနားမှာ ထွက်ခဲ့ လိုက်သည်။

ပန်ကတော့ သူ့အပျိုစင်ဘဝလေး နိဂုံးချုပ်သွားပြီဆိုတာ
နည်းနည်းလေးမှ ရိပ်မိပုံမပေါ်။

အကယ်၍ သာ သိခဲ့မည်ဆိုလျှင် ပန်ဘယ်လောက်ထိ
သွေးပျက်သွားမည်လဲ။

ငါ့ကို ခွင့်လွှတ်ပါပန်။

*

အခန်း(၄)

“ဒေါ်ဖြိုးရေ ဘာလချောင်ကြော်က အရမ်းငန်လို့ မဖြစ်ဘူးနော်။”

“အင်းပါ ပန်ရဲ့ ၊ ဒေါ်ဖြိုး အငန်လျှော့ထားတယ်၊ မာန်ကအငန်ကြောက်တာ သိတာပေါ့”

ကြော်ပြီးသား ဘာလချောင်ကြော်တွေကို ဘူးထဲထည့်နေသော ဒေါ်ဖြိုး ပို၍ ကျိန်းသေစေ ရန် နှိုက်မြည်းကြည့်ပြီး

“အင်း ကောင်းတယ် အရသာက ပေါ့ပေါ့လေး”

“ဆိတ်သားမွကြော်က လေလုံမှဖြစ်မှာနော်”

“စိတ်ချ ဒေါ်ဖြိုး သေချာထုပ်ပြီးသွားပြီ၊ အင်း မာန်ဟိုမှာ ကျောင်းသွားတက် တာသူ့အတွက်ကောင်းပေမယ့် အိမ်မှာလူနည်းသွားတော့ ပျင်းစရာတော့ ကောင်းသွားမှာပဲ၊ ဒီကြားထဲ ဆရာကြီးလည်း သူ့ဆေးရုံအလုပ်နဲ့အိမ်မှာ ကပ်တယ်ကိုမရှိဘူးဆိုတော့ ပန်နဲ့ ဒေါ်ဖြိုး တော့ ပျင်းပြီ”

“ဗိမာန်ရဲ့တက်လမ်းအတွက်ပဲ ဒေါ်ဖြိုးရယ်၊ ပန်တို့အထီးကျန်တာ ဘာအရေးလဲ၊ ဘာဖြစ်ဖြစ်မာန်ကလည်း ဦးနိုင်လို လူတော်တစ်ယောက်ဖြစ်လာဦးမှာ၊ ပန်တော့လေ စိတ်ကောင်း ရှိတဲ့ ဦး နိုင်တို့အရိပ်မှာ ခိုခွင့်ရလို့ ကိုယ့်ကိုကိုယ် ကံကောင်းတဲ့သူလို့ပဲ မှတ်ယူမိတယ်။”

“ဒါပေါ့ ပန်ရယ်၊ ပန်က အမြဲတမ်း ကျေးဇူးတရားကိုရှေ့တန်းတင်ပြီး မညည်းမညူ ပြုစုလုပ်ကိုင်ပေးနေမှတော့ စေတနာအကျိုးပေးတယ်လို့ပဲ ပြောရတော့မှာပဲ၊ ဆရာကြီးကလည်း ပန့်အပေါ် အမြဲတမ်း သွေးသားအရင်းလို

နွေးထွေးမှုပေးတာပဲ၊ ဆရာကြီးလို သဘောထားကြီးတဲ့ သူတော်ကောင်းရဲ့အရိပ်မှာ ခိုလုံခွင့်ရတဲ့ ဒေါ်ဖြိုးရော ပန်ရော အရမ်းကံကောင်းကြတာပဲ”

“ဒါဆို ဒေါ်ဖြိုး သမီးလာခေါ်ရင် ရွာကိုပြန်လိုက်မသွားရဘူးနော်”

ပန့်စကားကြောင့် ဒေါ်ဖြိုး မဲ့လိုက်ပြီး

“အမလေး စိတ်ချပါ၊ ရွာပြန်ပြီး သူတို့မသထာရေစာ စားနေရတာ ထက်စာရင် ဒီအရိပ် မှာရာသက်ပန် ခိုနေရတာ မှ ဒေါ်ဖြိုး ဘဝကူးကောင်းမှာပါကွယ်၊ အလကား သားသမီးယုံ စုံလုံး ကန်းတဲ့၊ ခုတော့ဒင်းတို့ကြောင့် ဒေါ်ဖြိုး ဒီဘဝကိုရောက်တာ၊ လင်မရှိတော့တဲ့မုဆိုးမဆိုပြီး သား သမီးတွေက ဒေါ်ဖြိုးကို မကြည်ဖြူချင်ကြတော့မှ သူတို့နဲ့သွားနေလည်း ဘာထူးမှာလဲ ပန်ရယ်”

ပြောရင်းဖြင့် ဒေါသသံပါလာသော ဒေါ်ဖြိုးကိုကြည့်ပြီး ပန်ရယ်လိုက်ပြီး

“ ကဲပါ ပန်အစဖော်ပေးလိုက်မိတာနဲ့ ဒေါ်ဖြိုး ဒေါသဖြစ်ရပြီ ”

“ ဒေါသဆိုတာထက် ရင်နာတာက ပိုမှန်လိမ့်မယ် ပန်ရေ ”

ဒေါ်ဖြိုး ဘေစင်ထဲမှ ပန်းကန်တွေဆေးရန် ဘုံဘိုင်ခေါင်းကိုဖွင့်ပြီး ပန်းကန်တွေကို အကြမ်း ဆေးလိုက်သည်။

ဘာပဲဖြစ်ဖြစ် အရွယ်ရောက်နှင့်မမျှအောင် သူများအိမ်မှာ အိမ်ဖော်လာလုပ်သော ဒေါ်ဖြိုး ကိုလည်း ကိုယ့်အဒေါ် တစ်ယောက်လို သံယောဇဉ်ဖြစ်မိပါသည်။

ငယ်စဉ်ကတည်းက မိဘအရိပ်အောက်မှာ မကြီးပြင်းခဲ့ရသော တစ်သက်ပန်သည် အဒေါ် တွေ၏ ဆင်းရဲနွမ်းပါးမှုတွေအောက်မှာ ချို့ချို့တဲ့တဲ့ ကြီးပြင်းခဲ့ရသည်။

အန်တီမေက သမီးအဖြစ်မွေးစားခဲ့၍ ဒီအိမ်အရိပ်မှာ ခိုလှုံခွင့်ရခဲ့သည်။

ဘဂသည် ကိုယ့်စိတ်ကူးထဲကအတိုင်း ဖြစ်မလာပေမယ့် ကိုယ့်ဘဂကိုယ်
ရောင့်ရဲတတ်အောင် ကြိုးစားခဲ့ သည်။

မည်သူ့ကိုမဆို ရိုရိုကျိုးကျိုး ဆက်ဆံကာ ကိုယ်သာလျှင်
အနစ်နာခံပြီးပေါင်းသင်းတတ်သူဖြစ်သည်။

မေတ္တာဆိုတာ ရောင်ပြန်တတ်သည်ဆိုတာ ရှေးစကားအတိုင်းပင်။
တစ်သက်ပန်က လူ တိုင်းအပေါ် မေတ္တာရှေ့ထား၍ လားမသိ
တစ်သက်ပန်နှင့်ကြုံသမျှ ဆုံသမျှလူတိုင်းကလည်း တစ် သက်ပန်ကို ချစ်ကြသည်။

" ပန်ရေ ဗိမာန် ခေါ်နေတယ် "

အတွေးတွေဖြင့် လွင့်မျောနေသော ပန်မှာ ဒေါ်ဖြိုးအသံကြောင့်
အတွေးစတို့ကို ရပ်ပစ်လိုက်သည်။

" ရှင် သူ ဘာခိုင်းမလို့လဲ "

" မသိဘူး လွှတ်လိုက်ပါလို့ပဲ ပြောတာ"

" ဟုတ် ပန် သွားလိုက်မယ်လေ "

ထမင်းပွဲပြင်နေသော ပန် ထမင်းစားခန်းထဲမှ
ခပ်သုတ်သုတ်ထွက်ခဲ့လိုက်သည်။

မနက်ဖြန်ဆိုလျှင် ဗိမာန် နိုင်ငံခြားမှာ ကျောင်းတက်ဖို့
သွားရတော့မည်မို့ ဗိမာန် လိုအပ်သမျှကို ပန် မမောမပန်း လုပ်ပေးနေရသည်။

*